## ၂၀၁၆ ခုနှစ်

## တက္ကသိုလ်ဝင်စာမေးပွဲ

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**ဘောဂဗေဒ** | **ခွင့်ပြုချိန် (၃) နာရီ**

### အပိုင်း (က)

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါဖော်ပြချက်များကို 'မှား' သို့မဟုတ် 'မှန်' ဖြေဆိုပါ။ (၁၀ မှတ်)

၁။ ဘောဂဗေဒဘာသာရပ်သည် လူတို့၏လေ့ထုံးစံ၊ ယဉ်ကျေးမှုစသည်တို့ကို လေ့လာသောဘာသာရပ်ဖြစ်သည်။

၂။ ရောပြွမ်းစီးပွားရေးစနစ် ကျင့်သုံးသောနိုင်ငံများတွင် ပုဂ္ဂလိကကဏ္ဍကြီးမားသော်လည်း အစိုးရပိုင်ကဏ္ဍ မရှိသလောက်သေးငယ်လှသည်။

၃။ လေ့လာနေသော ကုန်စည်တစ်ခုကို အိမ်ထောင်စုတစ်ခုက ဝယ်ယူမည့် အရေအတွက်သည် ထိုကုန်စည်အတွက် တစ်ဦးချင်းဝယ်လိုအားပင်ဖြစ်သည်။

၄။ ရောင်းလိုအားအလျော့အတင်းနည်းသော မျဉ်းဖြောင့်ရောင်းလိုအားမျဉ်းသည် ဈေးနှုန်းဝင်ရိုးကိုဖြတ်သွားသည်။

၅။ အသုံးစရိတ်နည်းဖြင့် တိုင်းပြည်ဝင်ငွေတွက်ချက်ရာတွင် အစိုးရ၏အသုံးစရိတ်များမှ ပင်စင်လစာအဖြစ်ပေးသော လွှဲပြောင်းပေးငွေများကို နုတ်ရန်လိုသည်။

၆။ မြန်မာနိုင်ငံ၏တိုင်းပြည်ဝင်ငွေကိုတွက်ချက်ရာတွင် လျှပ်စစ်စွမ်းအားကဏ္ဍကိုကုန်စည်ထုတ်လုပ်မှုအပိုင်းတွင် ထည့်သွင်းတွက်ချက်သည်။

၇။ ဈေးကစားရန် ရည်ရွယ်ပါက လူတို့သည် ဈေးနှုန်းတက်မည်ဟု မျှော်လင့်လျှင် ငွေကြေးကို ပိုမိုကိုင်ဆောင်ထားလိုကြသည်။

၈။ ဗဟိုဘဏ်က ဘဏ်များအတွက် သတ်မှတ်ပြဋ္ဌာန်းထားသော အနိမ့်ဆုံးသီးသန့်ငွေသားအချိုးမှာ နိုင်ငံတိုင်းအတွက် အတူတူဖြစ်သည်။

၉။ တိုင်းပြည်၏ငွေတန်ဖိုးချခြင်းဖြင့် ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန်လိုငွေကို လျှော့ချပြင်ဆင်နိုင်သည်။

၁၀။ အရင်းအနှီးရွှေ့ပြောင်းမှုများမှာ တိုင်းပြည်၏ ကာလရှည်အရင်းအနှီးများ စီးဝင်မှုနှင့် စီးထွက်မှုတို့ကို ဆိုလိုသည်။

(ခ) အောက်ပါကွက်လပ်များတွင် **ဖြည့်စွက်ရမည့်အဖြေများကို** အဖြေစာအုပ်တွင်ရေးပါ။ (၅ မှတ်)

၁။ __________ နှင့် အပေးအယူပြုလုပ်သော လွှဲပြောင်းပေးငွေများကို တိုင်းပြည်ဝင်ငွေ တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်သည်။

[တစ်ဖက်သို့

၂။ အခြားကုန်စည်တစ်ခု၏ ဈေးနှုန်းတက်လာခြင်းကြောင့် လေ့လာနေသောကုန်စည်၏ ဈေးနှုန်းမပြောင်းသော်လည်း ဝယ်ယူသည့်အရေအတွက် များလာလျှင် ထိုကုန်စည်နှစ်ခုသည် ____________ များဖြစ်ကြသည်။

၃။ နိုင်ငံအတွင်း ချက်လက်မှတ်များ၊ ဈေးငွေကဒ်ပြားများကို တွင်ကျယ်စွာအသုံးပြုလာကြခြင်းမှာ ငွေကြေး၏ ____________ အရည်အချင်းကြောင့်ဖြစ်သည်။

၄။ အစိုးရ၏ သာမန်အသုံးစရိတ်သည် ____________ အသွင်ကို ဆောင်သည်။

၅။ မမျှော်လင့်ဘဲ သွင်းကုန်တန်ဖိုးတိုးတက်လာသည့်အခါ ____________ ထားရှိခြင်းကို အသုံးပြုနိုင်သည်။

(ဂ) အောက်ပါဖော်ပြချက်များအတွက် ပေးထားသောအဖြေ (က)(ခ)(ဂ) များမှ အဖြေမှန်ကို အဖြေစာအုပ်တွင် ရေးပါ။ (၅ မှတ်)

၁။ ကုန်စည်တစ်မျိုးကို ထုတ်လုပ်ခြင်းအားဖြင့် အခြားကုန်စည်တစ်မျိုးပါ ပူးတွဲထွက်လာတတ်သော ကုန်စည်မျိုးသည် (က) တွဲဖက်ကုန်စည် (ခ) တွဲဖက်ထုတ်ကုန် (ဂ) အစားထိုးထုတ်ကုန် ဖြစ် သည်။

၂။ ကာလရှည်တွင် အထွေထွေဈေးနှုန်းအဆင့် ပြောင်းလဲမှုနည်းပါးသည့်အခြေအနေကို (က) ဈေးနှုန်းတည်ငြိမ်မှု (ခ) ငွေဖောင်းပွမှု (ဂ) ငွေကျုံ့မှု ရှိသည်ဟု ဆိုနိုင်သည်။

၃။ ကုန်ကြမ်းတန်ဖိုးနှင့် ထပ်ဆင့်တိုးတန်ဖိုးကို ပေါင်းလိုက်သောအခါ (က) ထုတ်ကုန်တန်ဖိုး (ခ) ကုန်ချောတန်ဖိုး (ဂ) ကုန်ထွက်တန်ဖိုးကို ရရှိသည်။

၄။ ကုန်သည့်များ၏ ဝယ်လိုအားအတွက် ဝင်ငွေအလျော့အတင်းသည် (က) အပေါင်းလက္ခဏာ (ခ) အနုတ်လက္ခဏာ (ဂ) သုည အလျော့အတင်းဖြစ်သည်။

၅။ ပို့ကုန်အတွက်ရငွေနှင့် သွင်းကုန်အတွက်ပေးငွေ ခြားနားချက်ကို (က) ကုန်သွယ်မှုလက်ကျန် (ခ) သာမန်စာရင်းလက်ကျန် (ဂ) ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန် ဟုခေါ်သည်။

၂။ အောက်ပါတို့အနက်မှ (၁၀) ခု၏ အဓိပ္ပာယ်ကို ဖော်ပြပါ။ (၂၀ မှတ်)

၁။ အင်အားစုခွဲဝေမှုပြဿနာ
၂။ ဗဟိုစီမံကိန်းချစီးပွားရေးစနစ်
၃။ ထုတ်ကုန်ဈေးကွက်
၄။ ဝယ်လိုအားအလျော့အတင်းများခြင်း
၅။ ဈေးကွက်ဝယ်လိုအား
၆။ အားမျှဈေးနှုန်း
၇။ ဘက်ညီဝင်ငွေလည်ပတ်စီးဆင်းမှု
၈။ အသားတင်ဝင်ငွေ
၉။ အသုံးစရိတ်နည်း
၁၀။ စားသုံးသူဈေးဆနှုန်းကိန်း
၁၁။ သီးသန့်ငွေသားအချိုး
၁၂။ ငွေပိုထုတ်ချေးခြင်း
၁၃။ တန်ဖိုးအလိုက်စည်းကြပ်ခွန်
၁၄။ အခွန်တော်
၁၅။ ဘဏ္ဍာရေးမူဝါဒ
၁၆။ ကုန်သွယ်မှုပုံသဏ္ဍာန်
၁၇။ ကုန်သွယ်မှုပိတ်ဆို့ခြင်း
၁၈။ ငွေတန်ဖိုးမြှင့်ခြင်း

## အပိုင်း (ခ)

**နှစ်သက်ရာမေးခွန်း (၃) ပုဒ်ဖြေဆိုပါ။**

၃။(က) ရောင်းလိုအားပြောင်းလဲခြင်းများကို ပုံနှင့်တကွ ရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ ဈေးကွက်နှင့် ဈေးကွက်စီးပွားရေးစနစ်
၂။ ဝယ်လိုအားအလျော့အတင်းကို ပြဋ္ဌာန်းသောအချက်များ
၃။ ဘဏ်အမျိုးအစားများ
၄။ ငွေကြေး၏တန်ဖိုး

၄။(က) အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကို ကန့်သတ်သည့်နည်းလမ်းများကို ရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ တိုင်းပြည်၏စီးပွားရေးလုပ်ဆောင်ချက်များကိုပြောင်းလဲခြင်းနှင့်ထိန်းချုပ်ခြင်း
၂။ တိုင်းပြည်ဝင်ငွေ၏အခြေခံသဘော
၃။ ပြည်တွင်းနှင့်တိုင်းပြည်တို့၏သဘော
၄။ အရင်းအနှီးဈေးကွက်နှင့် ငွေကြေးဈေးကွက်

၅။(က) နိုင်ငံတစ်နိုင်ငံတွင် ငွေဖေါင်းပွခြင်းနှင့် ငွေကျုံ့ခြင်းများသည် နိုင်ငံ၏ စီးပွားရေးအခြေအနေပေါ်တွင် မည်သို့အကျိုးသက်ရောက်နိုင်သည်ကို ရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ တိုက်ရိုက်ခွန်များ
၂။ အတောမသတ်သည့် လိုအင်ဆန္ဒများနှင့် ရှားပါးသည့်အင်အားစုများ
၃။ အင်အားစုအခငွေဈေးနှုန်းနှင့် ဈေးကွက်ပေါက်ဈေးတို့၏သဘော
၄။ ဗဟိုဘဏ်ပေါ်ပေါက်လာပုံ

[တစ်ဖက်သို့

၆။ အောက်ပါတို့အနက်မှ နှစ်သက်ရာ(၂)ခုကို ဖြေဆိုပါ။ (၁၀× ၂)မှတ်

(က) နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်ဈေးဆနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆနှုန်းကိန်းတို့ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။ (၂၀၀၇ ခုနှစ်မှာ အခြေခံနှစ်ဖြစ်သည်။)

| ခုနှစ် | ပို့ကုန်ဈေးဆနှုန်းကိန်း | သွင်းကုန်ဈေးဆနှုန်းကိန်း |
|---|---|---|
| ၂၀၀၇ | ၁၀၀ | ၁၀၀ |
| ၂၀၁၁ | ၁၀၅ | ၁၂၀ |
| ၂၀၁၅ | ၁၅၀.၈ | ၁၄၅ |

(၁) ဖော်ပြပါနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ပါ။

(၂) ကုန်ဖလှယ်မှုအချိုး ပြောင်းလဲခြင်းများကို သုံးသပ်ပြပါ။

(ခ) ဈေးကွက်တစ်ခုတွင် ကုန်စည် X နှင့် Y တို့၏ ဈေးနှုန်းနှင့် ဝယ်ယူသောအရေအတွက်တို့ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

| ကုန်စည် | ဈေးနှုန်း(ကျပ်) | | ဝယ်ယူသည့်အရေအတွက် (ယူနစ်) | |
|---|---|---|---|---|
| | ၂၀၁၅ ခုနှစ် | ၂၀၁၆ ခုနှစ် | ၂၀၁၅ ခုနှစ် | ၂၀၁၆ ခုနှစ် |
| X | ၁၂၀ | ၁၂၀ | ၅၀ | ၈၀ |
| Y | ၁၂၀ | ၁၅၀ | ၄၀ | ၆၀ |

ကုန်စည် X နှင့် Y တို့အတွက် ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းကို တွက်ချက် သုံးသပ်ပြပါ။

(ဂ) အကယ်၍ ငွေကြေးပမာဏ M သည် (၁၅၀၀) ကျပ်၊ ဈေးနှုန်း P သည် (၂၀) ကျပ် နှင့် ကုန်စည် အရေအတွက် T သည် (၆၀၀) ဖြစ်ပါက

၁။ အပေးအယူပြုလုပ်သည့်တန်ဖိုး R နှင့် ငွေကြေးလည်ပတ်မှုအရှိန် V ကို ရှာပါ။

၂။ ငွေကြေးပမာဏ M သည် (၂၀) ရာခိုင်နှုန်း၊ ကုန်စည် အရေအတွက် T သည် (၁၀) ရာခိုင်နှုန်း တိုးနေပြီး

(က) ငွေကြေးလည်ပတ်မှုအရှိန် V သည်ပုံသေဖြစ်ပါက ငွေကြေးပမာဏ M ၊ ဈေးနှုန်း P နှင့် ကုန်စည် အရေအတွက် T တို့ကိုရှာပါ။

(ခ) ငွေကြေးလည်ပတ်မှုအရှိန် V သည် (၁၀) သို့ပြောင်းသွားပါက ဈေးနှုန်း P ကို ရှာပါ။